PAUNG SIE FACILITY

# ကျား၊မ တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများအား ထည့်သွင်း စဉ်းစားခြင်း (Gender Equality and Social Inclusion – GESI)

## ပေါင်းစည်းလုပ်ငန်းအဖွဲ့၏လမ်းညွှန်

လူမှုသဟဇာတဖြစ်ခြင်းနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးတွင် ကျား၊မ တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများအား ထည့်သွင်း စဉ်းစားခြင်းသည် အဓိကကျသော အကြောင်းရင်း ဖြစ်သကဲ့သို့ ပေါင်းစည်းလုပ်ငန်းအဖွဲ့သည် GESI ကို ရန်ပုံငွေထောက်ပံ့သော စီမံကိန်းတိုင်းတွင် ထည့်သွင်းနိုင်စေရန် ကတိကဝတ်ပြုထားပါသည်။

PSF ၏ မိတ်ဖက်အစည်းများသည် အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များဖြစ်သော အစီအစဉ်ရေးဆွဲခြင်း၊ မဟာဗျူဟာရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း (MEL) နှင့် အကောင်အထည်ဖော်စဉ် GESI ကို သုံးသပ်ထည့်သွင်းရမည်ဖြစ်ပါသည်။ PSF သည် ကျား၊မရေးရာကို မျက်ကွယ်ပြုသော လုပ်ငန်းစဉ်၊ ခေါင်းပုံဖြတ် ကိုယ်ကျိုးရှာသည့် လုပ်ငန်းစဉ် (သို့) လူ့အဖွဲ့အစည်း အားလုံးအတွက် ထည့်သွင်းစဉ်းစားခြင်း မပြုသော စီမံကိန်းများကို ရန်ပုံငွေ ထောက်ပံ့ပေးမည် မဟုတ်ပါ။

GESI သည် လုပ်ငန်းလုပ်ဆောင်ရန် နည်းလမ်းတစ်ခုဖြစ်ပြီး လုပ်ငန်းအစီအစဉ်များသည် တန်းတူညီမျှရေးကို အထောက်အပံ့ဖြစ်စေသော၊ အခွင့်အလန်းဖန်တီးပေးသော၊ အားလုံးကို သာယာဝပြောစေရန် ရည်ရွယ်ပါသည်။

ရည်ညွှန်းချက်များမှာ-

က။ အမျိုးသမီး၊ လူငယ်၊ လူမျိုးစုငယ်များ၊ ဘာသာရေး လူနည်းစုများနှင့် ဖယ်ကြဉ်ခြင်းခံသောရသော အုပ်စုများကို ထည့်မတွက်ဘဲ ချန်လုပ်သည့်အရာများကို ဖောက်ထွက်ရမည်။

ခ။ အမျိုးသမီး၊ လူငယ်၊ လူမျိုးစုငယ်များ၊ ဘာသာရေး လူနည်းစုများနှင့် ဖယ်ကြဉ်ခြင်းခံရသော အုပ်စုများကို စနစ်များနှင့် လုပ်ငန်းစဉ်များတွင် အဓိပ္ပာယ်ပြည့်ဝစွာ နှင့် တန်းတူထည့်သွင်းနိုင်ရန် လုပ်ဆောင်ရမည်။

### ၁။ GESI ကို သင့် လုပ်ငန်းစဉ်တွင် ဆန်းစစ်ထည့်သုံးခြင်း

အမျိုးသမီး၊ လူငယ်၊ လူမျိုးစုငယ်များ၊ ဘာသာရေး လူနည်းစုများနှင့် ဖယ်ကြဉ်ခြင်းခံသောရသော အုပ်စုများကို သင့် ပြဿနာရပ်ဖော်ပြချက်နှင့် အခြေအနေသုံးသပ်ချက်၊ ကျား၊မရေးရာ ထည့်သွင်းစဉ်းစားခြင်း၊ လူမှုရေးအရ ဖယ်ချန်ထားသော ပြဿနာများကို ထည့်သွင်းစဉ်းစားရမည်။ ကျား၊မရေးရာနှင့် လူမှုရေးအရ ဖယ်ချန်ထားမှုဆိုင်ရာ ပြဿနာများကို မိမိအဖွဲ့၏ အစီအစဉ်များတွင် မည်သို့ထည့်သွင်းစဉ်းစားမည် ဆိုသည့် ဆန်းစစ်ချက်ကို ရန်ပုံငွေ အဆိုပြုလွှာနှင့်တကွဖြစ်စေ (သို့မဟုတ်) လုပ်ငန်းအကောင် အထည်ဖော်သည့် ကနဦးအဆင့် တွင်ဖြစ်စေ ပို့ပေးနိုင်ပါသည်။

### ၂။ GESI ကို စီမံကိန်းရေးဆွဲစဉ်၊ အကောင်အထည်ဖော်စဉ် နှင့် ဘတ်ဂျက်များတွင် ထည့်သွင်းခြင်း

သင့် စီမံကိန်းတွင် GESI နှင့် သက်ဆိုင်၍ ရှင်းလင်းသည့် ရည်ရွယ်ချက်ကို ချမှတ်ထားခြင်း၊ အယူအဆ သဘောထား ပြောင်းလဲမှုနှင့် ချိတ်ဆက်ခြင်း၊ တဆက်တည်းတွင် ဘတ်ဂျက်နှင့် လုပ်ငန်းစဉ်ထဲတွင် ထင်ဟပ်စေရပါမည်။ ကျား၊မ တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများအားထည့်သွင်းစဉ်းစားခြင်း (GESI) ကို

အခြေခံသော မဟာဗျူဟာ ရေးဆွဲပြီး GESIကို သင့်၏ လုပ်ငန်းထဲတွင် မည်သို့ ပေါင်းစပ်မည်ကို စဉ်းစားပါ။ ဥပမာအားဖြင့်…

- အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ လူငယ်၊ လူမျိုးစုငယ်များ၊ ဘာသာရေး လူနည်းစုများနှင့် ဖယ်ကြဉ်ခြင်းခံသောရသော အုပ်စုများ အဓိပ္ပါယ်ပြည့်ဝစွာပါဝင်ရေးတွင် ဟန့်တားထားသော အရာများကို မည်သို့ ကျော်လွှားမည်ကို အားထုတ်ရမည်။
- GESI ထည့်သွင်းစဉ်းစားမှုကို အစဉ်တစိုက် တိုးမြှင့်ရန် ချဉ်းကပ်မှု၊ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်မှု၊ ကျင့်သုံးမှုကို မည်သို့ စတင်လုပ်ဆောင်မည်နည်း။
- သင့် စီမံကိန်းသည် မညီမျှမှု၊ အခွင့်အာဏာ ဆက်သွယ်မှု၊ အင်စတီကျူး ဖွဲ့စည်းတည်ဆောက်ပုံ နှင့် ဖြစ်စဉ်များကို ဖြေရှင်းခြင်းအားဖြင့် ကျား၊မ တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများအား ထည့်သွင်းစဉ်းစားခြင်းလုပ်ငန်းစဉ် အဖြစ်မည်သို့ပြောင်းလဲမည်နည်း။

## ၃။ GESI ကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်းတွင် ပေါင်းစပ်ထည့် သွင်းခြင်း

GESI ကို ပြောင်းလဲမှုဆိုင်ရာ သီအိုရီတွင် ထည့်သွင်းရေးဆွဲခြင်းသည် GESI နှင့် ပတ်သက်သည့် ပြောင်းလဲရန် ရည်မှန်းထားချက်များ ပိုမိုရှင်းလင်းလာပြီး ရည်မှန်းချက်နှင့် ချိတ်ဆက်နိုင်မည်။ ထို့ကြောင့် စောင့်ကြည့် လေ့လာရေးတွင် ကျား၊မ၊ အသက်အရွယ်၊ မသန်စွမ်းမှု စသည့်အခြေအနေများသိရန် ထည့်သွင်းပြီး အချက်အလက်များ စုဆောင်းရမည်။ သို့မှသာ ပိုမိုကောင်းမွန်စေရန် မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ကို သိရှိနိုင်မည်။ အကဲဖြတ်ဆန်းစစ်ခြင်း စီမံချက်များ ထည့်သွင်းခြင်း၊ ကျား၊မရေးရာ အသွင်ပြောင်းလဲစေခြင်း၊ အားလုံးပူးပေါင်းပါဝင်စေခြင်းများကို စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လေ့လာသင်ယူခြင်း ( MEL) တွင် လုပ်ငန်းစဉ်အနေဖြင့် ထည့်သွင်းရမည်။ လေ့လာသင်ယူခြင်း မေးခွန်းများကို GESI တွင် ပေါင်းစပ်ရမည်။ သင်၏ အစီအစဉ်တိုးတက်လာစေရန် ဖယ်ကြဉ်ခြင်းခံရသော အုပ်စုများနှင့် ဆိုင်သော လူမှုရေးအရ ဖယ်ချန်ထားမှုဆိုင်ရာ ပြဿနာများ၊ ကျား၊မရေးရာများနှင့် စပ်လျဉ်း၍ ဘာတွေ သင်ယူချင်သလဲ။

## ၄။ GESI ကို သင့် လုပ်ဆောင်ချက်တွင် ထည့်သွင်းရန် ကတိကဝတ်တည်စေခြင်း

အဖွဲ့အစည်းဆိုင်ရာ မူဝါဒ နှင့် ကျင့်သုံးသည့် မူဝါဒများသည် GESI ကို မြှင့်တင်ရမည်။ ကျွန်ုပ်တို့မှ မိတ်ဖက်အဖွဲ့အစည်းများကို အဖွဲ့အစည်းတွင် ကျင့်သုံးသော မူဝါဒနှင့် ကျင့်စဉ်များတွင် GESI ကိုမည်သို့ အသုံးပြုမည်၊ မည်သို့ထင်ဟပ်စေရန် ပြုလုပ်မည်၊ မည်သို့မြှင့်တင်မည်ကို ပြောပြရန် ဖိတ်ခေါ်ပါသည်။ (ဥပမာ အားဖြင့် မီးဖွားခွင့်၊ မီးဖွားနေသော ဇနီးသည်ကို ပြုစုစောင့်ရှောက်ရန် ဖခင်ခွင့်၊ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု၊ အကြမ်းဖက်မှုဆိုင်ရာ မူဝါဒ၊ မသန်စွမ်းများကို ထည့်သွင်းသည့် ကျင့်စဉ်များဖြစ်ပါသည်။) မိမိအဖွဲ့အစည်း၏ မူဝါဒနှင့် ကျင့်ထုံးများတွင် တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများ အားထည့်သွင်းစဉ်းစားခြင်း (GESI) ပေါင်းစပ်မှု လိုအပ်သော နယ်ပယ် (၃) ခုကို ရွေးချယ်စေလိုပါသည်။ PSF အနေဖြင့် သင်တို့ ရွေးချယ်ထားသော နယ်ပယ်ကို ထောက်ပံ့ပေးနိုင်မည် ဖြစ်သည်။

## ဆက်သွယ်ရန်

ကျား၊မ တန်းတူညီမျှရေးနှင့် လူမှုအသိုက်အဝန်းများအား ထည့်သွင်းစဉ်းစားခြင်း (GESI) နှင့် သက်ဆိုင်၍ ရန်ပုံငွေအဆိုပြုလွှာတွင် ထည့်သွင်းရန် အကူအညီလိုအပ်ပါက PSF သို့ ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်မည်ဆိုပါက မနော်နင်းလတ် အား nl@paungsiefacility.org သို့ အီးမေလ်းပေးပို့၍ ဆက်သွယ်လိုက်ပါ။